“အသံ”

# နိုင်ငံအသီးသီးမှနိုင်ငံရေးပါတီများအား ကံကြမ္မာတေးသံစဉ်ကိုအတူတေးဆိုရန်ဆော်ဩ

နိုဝင်ဘာလ(၃၀)ရက်နေ့မှ ဒီဇင်ဘာလ(၃)ရက်နေ့တွင် ပေကျင်း၌ တရုတ်ကွန်မြူနစ်ပါတီနှင့် ကမ္ဘာ့နိုင်ငံရေးပါတီ ထိပ်သီးအပြန်အလှန်စကားပြောပွဲကို ကျင်းပခဲ့ရာ နိုင်ငံတကာအသိုင်းအဝိုင်း၏မြင့်မားစွာဂရုပြုခြင်းကို ရရှိသည်။ ယခုအကြိမ် အပြန်အလှန်စကားပြောပွဲတွင် တရုတ်ကွန်မြူနစ်ပါတီက ကမ္ဘာ့နိုင်ငံရေးပါတီအသီးသီးနှင့် ထိပ်သီးခေါင်းဆောင်များ အပြန်အလှန်စကားပြောပွဲ ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်သည်။ တရုတ်ကွန်မြူနစ်ပါတီ သမိုင်းကြောင်းပေါ်တွင်အထူးအဓိပ္ပာယ်ရှိသော၊ ကမ္ဘာ့အစိုးရပါတီသမိုင်းကြောင်းပေါ်တွင် ထိုးဖောက်မှုအဓိပ္ပာယ်ရှိသော ပွဲတစ်ရပ်ပင်ဖြစ်ပါသည်။

ယခုအကြိမ် “လူသားကံကြမ္မာတစ်ကိုယ်တည်းထုကို တည်ဆောက်ခြင်းဖြင့် ကောင်းမွန်သာယာသောကမ္ဘာကို အတူတည်ဆောက်ခြင်း၊ နိုင်ငံရေးပါတီ၏တာဝန်”ဟူသည့်ခေါင်းစဉ်ဖြင့် ပြုလုပ်သော ထိပ်သီးအပြန်အလှန်စကားပြောဆိုပွဲသည်နိုင်ငံပေါင်း(၁၂၀)ကျော်မှနိုင်ငံရေးပါတီ(၂၀၀)ကျော်၏ နိုင်ငံရေးအဖွဲ့အစည်းခေါင်းဆောင်များကို ပါဝင်တက်ရောက်ရန်ဆွဲဆောင်နိုင်ခဲ့ပါသည်။ ထိပ်သီးအပြန်အလှန် စကားပြောပွဲသည် လူသားကံကြမ္မာတစ်ကိုယ်တည်းထုကို တည်ဆောက်ခြင်းဖြင့် ကောင်းမွန်သာယာသောကမ္ဘာကိုအတူ တည်ဆောက်ရေးအတွက် ပိုမိုများပြားသော သဘောတူညီမှုများရရှိနိုင်ရန် လူအားလုံးကမျှော်လင့်တောင့်တနေကြသည်။

လူသားကံကြမ္မာတစ်ကိုယ်တည်းထုကိုတည်ဆောက်ခြင်း၊ ကောင်းမွန်သာယာသောကမ္ဘာကိုအတူတည်ဆောက်ခြင်းသည် တရုတ်ကွန်မြူနစ်ပါတီ၏ တာဝန်ခံယူမှုကိုဖော်ပြကာ တရုတ်နိုင်ငံ ထူးခြားမှုပြည့်ဝစွာ ပါရှိနေသည်။ ကမ္ဘာ၏ဂရုပြုချက်များကို ပြန်လည်တုံ့ပြန်ပြီး လူသားများအားလုံး ရင်တွင်းရှုပ်ထွေးမှုများကိုဖြေရှင်းပေးကာ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးနှင့်လူသား၏ အနာဂတ်အတွက် လမ်းကြောင်းကို ညွှန်ပေးခဲ့သည်။

“ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု”ဆောက်လုပ်ရေးသည် တရုတ်အိပ်မက်ကိုသယ်ဆောင်ထားပြီး ကမ္ဘာနှင့်တရုတ်နိုင်ငံကို အချင်းချင်းချိတ်ဆက်၊ အတူဖွံ့ဖြိုးတိုးတက်စေသည်။ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို ခိုင်မြဲစွာလျှောက်လှမ်းပြီး ပုံစံသစ်နိုင်ငံတကာဆက်ဆံရေးကို တွန်းတင်ဆောက်လုပ်ကာ ကမ္ဘာနှင့်တရုတ်နိုင်ငံအတူလက်တွဲပြီး ရှေ့ဆက်လျှောက်လှမ်းစေပါသည်။ ကမ္ဘောဒီးယားပြည်သူ့ပါတီဥက္ကဌ၊ အစိုးရဝန်ကြီးချုပ်ဟွန်စိန်းပြောကြားသည့်အတိုင်းပင်တရုတ်ကွန်မြူနစ်ပါတီမှကျင်းပသော ဤကမ္ဘာ့နိုင်ငံရေးပါတီပွဲတော်ကြီးသည် သမိုင်းကြောင်းမှာ အထူးအဓိပ္ပာယ်ရှိပါသည်။

လူသားကံကြမ္မာ တစ်ကိုယ်တည်းထုကို တည်ဆောက်ခြင်းဖြင့် ကောင်းမွန်သာယာသောကမ္ဘာကို အတူတည်ဆောက်ခြင်းသည် တရုတ်ကွန်မြူနစ်ပါတီမှ ခေတ်နှင့်တစ်ပြေးညီတိုးတက်သည့်အတွေးအခေါ်ကို ထင်ရှားစွာဖော်ပြသည်။ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေး၏အလေးပါဗိုလ်ကို သေချာစွာရှာဖွေနိုင်ပြီး လူသားလူမှုရေး ဖွံ့ဖြိုးတိုးတက်လိုလားချက်နှင့်လည်းကိုက်ညီနေသည်။

ယခုအကြိမ် အပြန်အလှန်စကားပြောဆိုခြင်းဖြင့် ကမ္ဘာ့နိုင်ငံရေးပါတီအသီးသီးသည် အတူညှိနှိုင်းဆွေးနွေးကြပြီး တန်းတူစွာဖလှယ်ကာလူသားအသိုင်းအဝိုင်းမှာကြုံတွေ့ရသော ဖွံ့ဖြိုးတိုးတက်ရေးအခက်အခဲနှင့် စိန်ခေါ်မှုများကိုအတူရင်ဆိုင်မည့် စည်းလုံးညီညွတ်မှုစိတ်ဓာတ်အပေါ် အထောက်အကူရှိသည်။ အချင်းချင်းဆက်ဆံပြီး ဖလှယ်ကာ နိုင်ငံအသီးသီးမှ လူသားကံကြမ္မာရှေ့ရေးနှင့်သက်ဆိုင်သည့် အလေးပါမဟာဗျူဟာမေးခွန်းများအပေါ်တွင် သဘောတူညီချက်များရရှိနိုင်ရန်အတွက် အကျိုးပြုပါသည်။

(ဆင်ဟွာသတင်းဌာန ဤနေရာတွင် ဖြတ်နုတ်ထားခြင်းရှိသည်။)

ရန်လန့်

# (၁၉)ကြိမ်မြောက် ပြည်လုံးကျွတ်ညီလာခံ key words

အယ်ဒီတာအညွှန်း။ ။တရုတ်ကွန်မြူနစ်ပါတီ (၁၉)ကြိမ်မြောက်ပြည်လုံးကျွတ်ညီလာခံကျင်းပသည့်ချိန်မှစပြီး ကမ္ဘာ့အနှံ့အပြားမှပြည်သူများ၏ မြင့်မားသောဂရုစိုက်မှုများရရှိခဲ့သည်။ ပြည်တွင်းပြည်ပစာဖတ်ပရိသတ်များတရုတ်ကွန်မြူနစ်ပါတီ (၁၉)ကြိမ်မြောက်ပြည်လုံးကျွတ်ညီလာခံကို ပိုမိုသိရှိနားလည်နိုင်ရန်အတွက် ဤသီတင်းပတ်မှစပြီး “(၁၉)ကြိမ်မြောက်ပြည်လုံးကျွတ်ညီလာခံ key words” ကော်လံကို တင်ပြလိုက်ပါသည်။

### နိုင်ငံတကာဆက်ဆံရေးပုံစံသစ်

တရုတ်နိုင်ငံသည် ငြိမ်းချမ်းသော၊ ဖွံ့ဖြိုး သော၊ ပူးပေါင်းဆောင်ရွက်သော၊ အတူအောင်မြင်သော အလံကိုကိုင်ဆောင်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်း၊ အတူဖွံ့ဖြိုးတိုးတက်ရေးကို တွန်းဆော်သည့် နိုင်ငံခြားဆက်ဆံရေးပေါ်လစီဝါဒကို ထိန်းသိမ်းမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒ(၅)ချက်၏ အခြေခံပေါ်မှ နိုင်ငံအသီးသီး၏ချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်ရေးကိုဖွံ့ဖြိုးရန် ခိုင်မြဲလုပ်ဆောင်မည်ဖြစ်ကြောင်း၊ အချင်းချင်းလေးစား၊ တန်းတူရည်တူ၊ အကျိုးတူပူးပေါင်းဆောင်ရွက်သော နိုင်ငံတကာဆက်ဆံရေးပုံစံသစ်ကို တွန်းတင်ဆောက်လုပ်မည်ဖြစ်ကြောင်း (၁၉)ကြိမ်မြောက် ပြည်လုံးကျွတ်ညီလာခံ အစီရင်ခံစာထဲတွင် တင်ပြထားသည်။

(《ပြည်သူ့နေ့စဉ်သတင်းပြည်ပကော်လံ》 သတင်းထောက် ချိန်ကျိန့်ခိုင်)

# မန်စီတွင်အာရှတိုက်ကော်ဖီအဖွဲ့အစည်းတည်ထောင်ပွဲကိုကျင်းပခဲ့

(သတင်းထောက်လီရှင်းရင်၊ လျောရှန်းယွမ်) နိုဝင်ဘာလ(၂၇)ရက်နေ့က အာရှတိုက် ကော်ဖီအဖွဲ့အစည်းတည်ထောင်ပွဲကို တယ်ဟုန်တိုင်(ရှမ်း)တိုင်းရင်းသားဂျိန်းဖောတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ခွဲ မန်စီဟော်ဂူနိုင်ငံတကာအစည်းအဝေးစင်တာတွင် ကျင်းပခဲ့သည်။ အာရှတိုက်၊ ဥရောပတိုက်၊ အမေရိကတိုက်စသည့်ဒေသများမှပါရဂူများ၊ ပညာရှင်များနှင့် လုပ်ငန်းကိုယ်စားလှယ်(၄၀၀)ကျော် အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

ထိုနေ့တွင် သီရိလင်္ကာတရုတ်လူမှုရေးယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းဥက္ကဋ္ဌအာဘေ့ရွှမ်းမှ သီရိလင်္ကာ မှတ်ပုံတင်ညွှန်ကြားမှုဦးစီးဌာန၏ “အာရှတိုက်ကော်ဖီအဖွဲ့အစည်း”ကို တည်ထောင်ရန်သဘောတူသည့်စာရွက်စာတမ်းကို ဖတ်ကြားခဲ့သည်။ နီပေါတောင်အာရှ တရုတ်ချစ်ကြည်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်းဥက္ကဋ္ဌ အာနုပေါက အာရှတိုက်ကော်ဖီအဖွဲ့အစည်း၏ အလုပ်အစီအစဉ်အခြေအနေကို အကြောင်းကြားတင်ပြခဲ့ပါသည်။ 《အာရှတိုက် ကော်ဖီအဖွဲ့အစည်း စည်းမျဉ်းစည်းကမ်း》 နှင့် 《အာရှတိုက်ကော်ဖီအဖွဲ့အစည်းစည်းမျဉ်းစည်းကမ်း အကောင်အထည်ဖော်လုပ်ဆောင်ချက်》ကို အစည်းအဝေးတွင် သဘောတူသတ်မှတ်ခဲ့ကြသည်။ စတင်တည်ထောင်သည့် နိုင်ငံများ၏ အကြံပေးချက်အရ နယ်ပယ်၊ ထုတ်လုပ်နိုင်ငံ၊ စားသုံးနိုင်ငံအားလုံး၏ သက်ဆိုင်ရာ အကြောင်းအရင်းများအားလုံးကိုပါဝင်စေပြီး အမှုဆောင်အဖွဲ့ဝင်နိုင်ငံ(၁၃)ခုစာရင်းကို ရွေးချယ်ခဲ့သည်။ အရှေ့အာရှ၏ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ အင်ဒိုနီးရှား၊ မြန်မာ၊ မလေးရှား၊ ဗီယက်နမ်၊ တောင်အာရှ၏အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ၊ ဆောဒီအာရေဗျနိုင်ငံနှင့် တူရကီတို့ဖြစ်ကြသည်။

အာရှတိုက်ကော်ဖီ အဖွဲ့အစည်းသည် အာရှတိုက်နယ်ပယ်ကော်ဖီလုပ်ငန်းအဖွဲ့အစည်းဖြစ်ကြောင်း၊ တရုတ်၊ ဗီယက်နမ်၊ ထိုင်းစသည့် အာရှတိုက်နိုင်ငံ(၂၀)ကျော်မှ ၂၀၁၅ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကြောင်း၊ ၂၀၁၇ခုနှစ်ဇူလိုင်လတွင် သီရိလင်္ကာခက်လွင်ပေါမြို့တွင် မှတ်ပုံတင်ခဲ့ပါကြောင်း၊ တရုတ်ယူနန်ပြည်နယ်ကူမင်းမြို့တွင် တစ်ခုတည်း



သောကိုယ်စားလှယ်နေရာ တည်ထောင်ထားကြောင်း၊ အဖွဲ့အစည်း၏အမြဲတမ်းနှစ်စဉ်ပွဲကျင်းပနေရာကို မန်စီတွင်တည်ထားကြောင်းမိတ်ဆက်ခြင်းအရ သိရသည်။ အဖွဲ့အစည်း၏မူဝါဒမှာ အာရှတိုက်ဒေသနှင့် တစ်ကမ္ဘာလုံးတွင် ကော်ဖီသက်ဆိုင်ရာလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်လိုခြင်းဖြစ်ပြီး အာရှတိုက်ဒေသကော်ဖီလုပ်ငန်း၏ အဆင့်မြှင့်တင်ခြင်းနှင့်ဖွံ့ဖြိုးတိုးတက်ခြင်းကို အတူရှာဖွေကြကာ ကော်ဖီစိုက်ပျိုးရှင်များ ဝင်ငွေတိုးရန်ဖြစ်ပါကြောင်း စသည်တို့ဖြစ်သည်။